ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

## (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၁၅၃ ) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြ ထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက် စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်–

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | – U Si Thu Hein (Director) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | – Kyay O Kyee Petroleum Products Co.,Ltd.<br>No-353, Upper Pazundaung Road, Set San Ward,<br>Mingalar Taungnyunt Township, Yangon Region,<br>Myanmar.<br>ဖုန်း–၀၉ ၅၁၀၄၃၆၂ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | – အင်ဂျင်ဝိုင်ရောစပ်ထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | – အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | – မြေဧရိယာ (၂.၂၅၁) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | – ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာသံမဏိ စက်မှုဇုန်၊ မြေကွက်အမှတ် (၆၈)။ |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | – စတင်ထုတ်ပေးရက် – ၃၀-၇-၂၀၂၄<br>သက်တမ်းကုန်ဆုံးရက် – ၂၉-၇-၂၀၂၉ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | – ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူး တိုင်းဒေသကြီး၏ ၁၁-၄-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပဲခူး/ အီးအိုင်အေ (၁၁၀၂/ ၂၀၂၄) ဖြင့် တင်ပြသည့် " **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)**" |



ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

( လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန် )

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ (က)

Kyay O Kyee Petroleum Products Co.,Ltd. မှ အင်ဂျင်ဝိုင်ရောစပ်ထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ

၁။ Kyay O Kyee Petroleum Products Co.,Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာသံမဏိစက်မှုဇုန်၊ မြေကွက်အမှတ် (၆၈)၊ စုစုပေါင်းမြေဧရိယာ (၂.၂၅၁) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အင်ဂျင်ဝိုင်ရောစပ်ထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၏ ၁၁-၄-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပဲခူး/ အီးအိုင်အေ (၁၁၀၂/ ၂၀၂၄) ဖြင့် တင်ပြခဲ့သည့် တတိယပုဂ္ဂိုလ် အဖွဲ့အစည်း Hexagonal Angle International Consultants Co.,Ltd. မှ ပြုစုသော အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** U Si Thu Hein, Director, Kyay O Kyee Petroleum Products Co.,Ltd, No-353, Upper Pazundaung Road, Set San Ward, Mingalar Taungnyunt Township, Yangon Region, Myanmar, ဖုန်း- ၀၉ ၅၁၀၀၄၃၆၂ ဖြစ်ပါသည်။


၃။ **စီမံကိန်း၏အစိတ်အပိုင်းများ။** အဆိုပြုစီမံကိန်းသည် အင်ဂျင်ဝိုင်ရောစပ်ထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချခြင်း ဆောင်ရွက်သည့်လုပ်ငန်းဖြစ်ပြီး၊ အဓိကအားဖြင့် ချောဆီနှင့် အမဲဆီကို ထုတ်လုပ်ပါသည်။ ချောဆီအမျိုးအစားများတွင် အင်ဂျင်ဆီ၊ ဟိုက်ဒြောလစ်ဆီနှင့် ဂီယာဆီတို့ ပါဝင်ပါသည်။ စီမံကိန်းလည်ပတ်ပုံအဆင့်ဆင့်တွင် အဓိကအားဖြင့် အဆင့် (၉) ဆင့် ရှိပါသည်။ ၎င်းတို့မှာ ကုန်ကြမ်းပစ္စည်းများ စက်ရုံသို့ရောက်ရှိခြင်း၊ ဓာတ်ခွဲခန်းတွင်စမ်းသပ်ခြင်း၊ ယာယီသိုလှောင်ခြင်း၊ ဆိုင်လိုသိုလှောင်ကန်ကြီးများ၌ သိုလှောင်ခြင်း၊ တိုင်းတာသည့်ကန်အတွင်း၌ အချိုးအဆတိုင်းတာခြင်း၊ ရောမွှေခြင်း၊ အမဲဆီများအား အအေးခံခြင်း၊ ချောဆီအားအနည်စစ်ခြင်းနှင့် ထုပ်ပိုးခြင်းတို့ပါဝင်ပါသည်။ စက်ရုံတွင် အဓိကအမျိုးအစားအနေဖြင့် ချောဆီနှင့် အမဲဆီထုတ်လုပ်ခြင်းဖြစ်သောကြောင့် ကုန်ကြမ်းရောက်သည်မှ ဆိုင်လိုများအတွင်း သိုလှောင်သည်အထိ လုပ်ငန်းစဉ်တူသော်လည်း ကုန်ချောအမျိုးအစား မတူညီသောကြောင့် ချက်လုပ်ရသည့် နေရာမတူညီသကဲ့သို့ နောက်ဆက်တွဲထုတ်လုပ်မှုအဆင့်များတွင် အနည်းငယ်ကွဲပြားမှုရှိပါသည်။ ကွဲပြားမှုမှာ ချောဆီများကို ချက်လုပ်ပြီးချိန်တွင် အအေးခံရန်လိုအပ်ပါကြောင်းနှင့် ချောဆီများကို မထုပ်ပိုးမီ အနည်စစ်ခြင်းလုပ်ငန်းစဉ်ပါဝင်ပြီး အမဲဆီများ မထုပ်ပိုးမီ အနည်စစ်ခြင်းလုပ်ငန်းစဉ်မပါဝင်ကြောင်း ဖော်ပြထားပါသည်။

၄။ **ကုန်ကြမ်းပစ္စည်းနှင့် စက်ပစ္စည်းများ။** အဆိုပြုစီမံကိန်းတွင် ဆီကုန်ကြမ်းများအပါအဝင် ကုန်ကြမ်းပစ္စည်း (၇) မျိုးအား မလေးရှား၊ အိန္ဒိယ၊ ယူအေအီး၊ ယူအက်စ်အေ၊ ဥရောပနှင့် သြစတြေးလျ တို့မှ ရန်ကုန်သို့ ရေကြောင်းမှတင်သွင်းပြီး စက်ရုံသို့ ကားဖြင့်သယ်ယူကြောင်း၊ ကုန်ချောပစ္စည်း (၄)

မျိုးအား ထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချကြောင်း၊ လိုအပ်သောလျှပ်စစ်စွမ်းအင်အား မြောင်းတကာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ (၃၁၅ ကေဗွီအေ) ထရန်စဖော်မာဖြင့် ရယူသုံးစွဲမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးပြတ်တောက်သည့်အချိန်တွင် ဒီဇယ်အင်ဂျင်သုံး (၁၀၀ ကေဗွီအေ) ဂျင်နရေတာ တစ်လုံးဖြင့် ရယူအသုံးပြုပြီး လစဉ် လျှပ်စစ်ယူနစ် (၂၅၅၉) ယူနစ်ခန့် အသုံးပြုကြောင်း၊ ယာဉ်များနှင့်မီးစက်တွင် အသုံးပြုရန် လောင်စာဆီအား စက်မှုဇုန်မှ အချိုးကျဝယ်ယူရရှိပြီး လစဉ် ဆီ (၃၉၀၀) လီတာခန့် အသုံးပြုကြောင်း၊ လုပ်ငန်းလည်ပတ်ရန်အတွက် စုစုပေါင်းဝန်ထမ်း (၂၅) ဦး ရှိကြောင်း၊ အလုပ်ချိန် တစ်ရက်လျှင် (၈) နာရီလုပ်ကိုင်ပြီး တစ်နှစ်လျှင် (၂၅၇) ရက် လုပ်ငန်းလည်ပတ်ကြောင်း၊ ဝန်ထမ်း သုံးရန်အတွက်ရေအား စက်ရုံဝန်းအတွင်းရှိ (၄) လက်မ အဝီစိတွင်းနှင့် (၂) လက်မ အဝီစိတွင်း နှစ်တွင်းမှ စုပ်ယူ၍ (၄၀၀၀) လီတာဆံ့ မြေအောက်ရေသိုလှောင်ကန်ဖြင့် သိုလှောင်ထားကြောင်းနှင့် သောက်သုံးရေအတွက် (၂၀) လီတာရေသန့်ဘူးများ ဝယ်ယူထားရှိကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာသံမဏိစက်မှုဇုန်၊ မြေကွက်အမှတ် (၆၈)၊ စုစုပေါင်းမြေဧရိယာ (၂.၂၅၁) ဧကပေါ်တွင် တည်ရှိပါသည်။


## Kyay O Kyee Petroleum Products Co.,Ltd. မှ အင်ဂျင်ဝိုင်ရောစပ်ထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း၏ တည်နေရာပြမြေပုံ



# Kyay O Kyee Petroleum Products Co.,Ltd. မှ အင်ဂျင်ဝိုင်ရောစပ်ထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း၏ Layout Plan



**Kyay O Kyee Petroleum Products Co.,Ltd. မှ အင်ဂျင်ဝိုင်ရောစပ်ထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း၏ Process Flow Chart**



နောက်ဆက်တွဲ (ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းချက်များ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက Kyay O Kyee Petroleum Products Co.,Ltd. မှ ဆောင်ရွက်လျက်ရှိသည့် အင်ဂျင်ဝိုင်ရောစပ်ထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၏ ၁၁-၄-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပဲခူး/ အီးအိုင်အေ (၁၁၀၂/ ၂၀၂၄) ဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် အင်ဂျင်ဝိုင်ရောစပ်ထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချခြင်း ဆောင်ရွက်သည့်လုပ်ငန်းဖြစ်ပြီး၊ အဓိကအားဖြင့် ချောဆီနှင့် အမဲဆီကို ထုတ်လုပ် ပါသည်။ ချောဆီအမျိုးအစားများတွင် အင်ဂျင်ဆီ၊ ဟိုက်ဒြောလစ်ဆီနှင့် ဂီယာဆီတို့ ပါဝင်ပါသည်။ စီမံကိန်းလည်ပတ်ပုံအဆင့်ဆင့်တွင် အဓိကအားဖြင့် အဆင့် (၉) ဆင့် ရှိပါသည်။ ၎င်းတို့မှာ ကုန်ကြမ်းပစ္စည်းများ စက်ရုံသို့ရောက်ရှိခြင်း၊ ခေတ်ခွဲခန်းတွင်စမ်းသပ်ခြင်း၊ ယာယီသိုလှောင်ခြင်း၊ ဆိုင်လိုသိုလှောင်ကန်ကြီးများ၌ သိုလှောင်ခြင်း၊ တိုင်းတာသည့်ကန်အတွင်း၌ အချိုးအဆတိုင်းတာခြင်း၊ ရောမွှေခြင်း၊ အမဲဆီများအား အအေးခံခြင်း၊ ချောဆီအားအနည်စစ်ခြင်းနှင့် ထုပ်ပိုးခြင်းတို့ပါဝင်ပါသည်။ စက်ရုံတွင် အဓိကအမျိုးအစားအနေဖြင့် ချောဆီနှင့် အမဲဆီထုတ်လုပ်ခြင်း ဖြစ်သောကြောင့် ကုန်ကြမ်းရောက်သည်မှ ဆိုင်လိုများအတွင်း သိုလှောင်သည်အထိ လုပ်ငန်းစဉ်တူသော်လည်း ကုန်ချောအမျိုးအစား မတူညီသောကြောင့် ချက်လုပ်ရသည့် နေရာမတူညီသကဲ့သို့ နောက်ဆက်တွဲထုတ်လုပ်မှုအဆင့်များတွင် အနည်းငယ်ကွဲပြားမှုရှိပါသည်။ ကွဲပြားမှုမှာ ချောဆီများကို ချက်လုပ်ပြီးချိန်တွင် အအေးခံရန်လိုအပ်ပါကြောင်းနှင့် ချောဆီများကို မထုပ်ပိုးမီ အနည်စစ်ခြင်းလုပ်ငန်းစဉ် ပါဝင်ပြီး အမဲဆီများ မထုပ်ပိုးမီ အနည်စစ်ခြင်းလုပ်ငန်းစဉ် မပါဝင်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံတွင် လေဝင်လေထွက်ကောင်းမွန်စေရန် (၆) လလျှင် တစ်ကြိမ် ပုံမှန် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၂) ဓာတ်ငွေ့ထွက်ရှိမှုအား လျှော့ချရန် အားလပ်ချိန်များ၌ စက်များအား ရပ်နားထားရန်၊

(၃) ဂျင်နရေတာများနှင့် ဆီအပူပေးစက်အား (၁) နှစ်လျှင် တစ်ကြိမ် ပုံမှန်ပြုပြင်ထိန်းသိမ်းမှုပြုလုပ်ရန်၊

(၄) လေထုသန့်စင်ပေးသော အပင်များစိုက်ပျိုးရန်၊

(၅) စက်ရုံဝန်းအတွင်း အနည်းဆုံး တစ်ရက်လျှင် တစ်ကြိမ် ရေဖျန်းရန်၊

(၆) စီမံကိန်းဖျက်သိမ်းစဉ်ကာလအတွင်း စက်ကိရိယာများအား ပုံမှန်ပြုပြင် ထိန်းသိမ်းခြင်းဖြင့် ဓာတ်ငွေ့ထွက်ရှိမှုအား လျှော့ချရန်၊

(၇) လေထုထဲသို့ ဖုန်မှုန့်ပျံ့နှံ့မှုအားလျှော့ချရန် ယာဉ်များအား အရှိန်ကန့်သတ်ချက် ဖြင့်သာ မောင်းနှင်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေအရည်အသွေးအား ထိခိုက်စေနိုင်သော ဆီအကြွင်းအကျန်ထွက်ရှိမှုကို လျှော့ချရန် ကုန်ကြမ်းအိတ်စွန့်ပစ်ပစ္စည်းများနှင့် ဆီပုံးများအား အမိုးအကာ အောက်တွင် သိုလှောင်ထားရန်၊

(၂) မလိုအပ်ဘဲ စွန့်ပစ်ရေထုတ်လုပ်ခြင်းမှ ရှောင်ကြဉ်ရန်၊

(၃) ဝန်ထမ်းသုံးကိစ္စရပ်များနှင့် မီးစက်ခန်းမှ ဆီထွက်ရှိမှုအား ကြီးကြပ်ထိန်းသိမ်းရန်၊

(၄) လက်ဆေးခြင်း၊ ဝန်ထမ်းသုံးကိစ္စရပ်များနှင့် ဝန်ထမ်းအိမ်ရာမှ ရေအသုံးပြုမှု ပမာဏအား အနည်းဆုံးဖြစ်အောင် လျှော့ချသုံးစွဲရန်၊

(၅) အညစ်အကြေးများနှင့် ညစ်ညမ်းရေများအား မိလ္လာကန်များတွင် စနစ်တကျ ထားရှိ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ချိတ်ဆက်စွန့်ပစ်ရန်။

(င) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အန္တရာယ်ရှိစွန့်ပစ်ပစ္စည်း၊ အန္တရာယ်မရှိသောစွန့်ပစ်ပစ္စည်းနှင့် ပြန်လည်အသုံးပြုနိုင်သော စွန့်ပစ်ပစ္စည်းဟူ၍ ခွဲခြားကာ သီးခြားအမှိုက်ပုံးများထားရှိအသုံးပြုရန်၊

(၂) အန္တရာယ်ရှိစွန့်ပစ်ပစ္စည်းနှင့် အမှိုက်များစုပုံရန်အတွက် သီးသန့်သိုလှောင်ခန်း သတ်မှတ်ထားရှိရန်၊

(၃) လွှစာမှုန့်များနှင့် သဲများအသုံးပြုခြင်းဖြင့် ယိုဖိတ်ဓာတုပစ္စည်းများအား စုပ်ယူစေရေးအတွက် စနစ်တကျဆောင်ရွက်ရန်၊

(၄) ဓာတုစွန့်ပစ်ပစ္စည်းများအား သီးခြားအမှိုက်ပုံးတွင် စုပုံကာ စွန့်ပစ်ခြင်းများ ဆောင်ရွက်ရန်၊

(၅) အလုပ်သမားများအား အန္တရာယ်ရှိဓာတုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်၍ မည်သို့ ကိုင်တွယ်ဖြေရှင်းသင့်သည်ကို အသိပညာပေးခြင်းများ ဆောင်ရွက်ရန်၊

(၆) အစားအစာစွန့်ပစ်ပစ္စည်း၊ ပလတ်စတစ်များနှင့် တစ်သျှူးစများအား စက်ရုံရေိယာအတွင်းရှိ ယာယီအမှိုက်သိုလှောင်ကန်တွင် စုပုံကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် (၁) ပတ်လျှင် တစ်ကြိမ် ချိတ်ဆက်စွန့်ပစ် ရန်၊

(၇) အန္တရာယ်ရှိဓာတုပစ္စည်းများအား ဖိတ်စင်ခြင်း၊ ယိုဖိတ်ခြင်းမရှိစေရန် စီစဉ်ဆောင်ရွက်ထားရှိရန်၊

(၈) စွန့်ပစ်ပစ္စည်းစွန့်ပစ်မှုကို ပုံမှန်မှတ်တမ်းထားရှိရန်။

(ဇ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မော်တာ၊ ဂျင်နရေတာနှင့် အပူပေးစက်ကဲ့သို့သော ဆူညံသံထွက်ရှိသည့် စက်ပစ္စည်းများအား ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၂) ဆူညံသောရေိယာတွင် အလုပ်လုပ်နေသော အလုပ်သမားများအား နားအကာအကွယ်ပစ္စည်းများ လုံလောက်စွာ ထောက်ပံ့ပေးရန်၊

(၃) ဝန်ထမ်းများအား နားစစ်ဆေးပေးခြင်းကို ဆောင်ရွက်ရန်နှင့် လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးရန်၊

(၄) ဆူညံသံအလွန်အကျွံထွက်သော စက်ယန္တရားများကို တစ်ချိန်တည်းတွင် လည်ပတ်လုပ်ဆောင်ခြင်းအား ရှောင်ကြဉ်ရန်၊

(၅) အဆောက်အဦဖြိုဖျက်ခြင်းကို ညအချိန်တွင် လုပ်ဆောင်ခြင်းမှရှောင်ကြဉ်ရန်။

(ဆ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုန်ကြမ်းနှင့်ကုန်ချောပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် စက်ယန္တရားများကို အသုံးပြု၍ လုပ်ငန်းဆောင်ရွက်ရန်၊

(၂) အလုပ်သမားအား တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ (PPE) များနှင့် အရည်အသွေးကောင်းသော ရှေးဦးသူနာပြုပစ္စည်းများ ထောက်ပံ့ပေးရန်နှင့် တစ်ကိုယ်ရေ

ကာကွယ်ရေးဝတ်စုံ (PPE) များ ဝတ်ဆင်ရန် တိုက်တွန်းနှိုးဆော်ခြင်းများ ဆောင်ရွက်ရန်၊

(၃) စက်လည်ပတ်မှုမစတင်မီ စက်များ၏ လည်နှုန်း၊ အပူချိန်စသည်တို့အား ဂရုတစိုက် ချိန်ညှိစစ်ဆေးရန်၊

(၄) လျှပ်စစ်ဝါယာကြိုးများနှင့် ဆက်စပ်ပစ္စည်းများကို ပြုပြင်ရာတွင် လျှပ်စစ်ကျွမ်းကျင်သူနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

(၅) အလုပ်သမားများအား ကျန်းမာရေးဗဟုသုတရှိစေရန်နှင့် ရှေးဦးသူနာပြုပစ္စည်းအသုံးပြုတတ်စေရန် သင်တန်းများဖြင့် လေ့ကျင့်သင်ကြားပေးရန်၊

(၆) မြင်သာသည့်နေရာတွင် အရေးပေါ်ဆက်သွယ်ရန် ဖုန်းနံပါတ်များ ချိတ်ဆွဲထားရှိရန်၊

(၇) ဆောက်လုပ်ရေးရေိယာတွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ဆိုင်းဘုတ်များ၊ အန္တရာယ်သတိပေးဆိုင်းဘုတ်များ ချိတ်ဆွဲထားရှိရန်၊

(၈) ဆောက်လုပ်ရေးအတွက် အသုံးပြုသော ယာဉ်များနှင့် စက်ပစ္စည်းများအား ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်။

(၉) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံဝန်းအတွင်း မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ မီးသတ်ကိရိယာများ တပ်ဆင်ထားရှိရန်၊

(၂) လျှပ်စစ်ဝါယာကြိုးများနှင့် ဆက်စပ်ပစ္စည်းများကို လျှပ်စစ်ကျွမ်းကျင်သူနှင့် ချိတ်ဆက်ပြုပြင်ခြင်းများ ဆောင်ရွက်ရန်၊

(၃) စက်ရုံ၌ "ဆေးလိပ်မသောက်ရ" ဟု ကြေညာချက်ထုတ်ထားရန်၊

(၄) စက်ရုံဝန်းအတွင်း မြင်သာသည့်နေရာများ၌ အရေးပေါ်ဆက်သွယ်ရန် ဖုန်းနံပါတ်များ ချိတ်ဆွဲထားရန်၊

(၅) အလုပ်သမားများနှင့် ဝန်ထမ်းများအားလုံးအား မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်ရန်။

(၁၂) **အနံ့ဆိုးစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းဆောင်ရွက်သော ဧရိယာအား ပုံမှန်သန့်ရှင်းရေးပြုလုပ်ရန်၊

(၂) ဆီယိုဖိတ်မှု အရေးအပေါ်အစီအစဉ်အား လိုက်နာဆောင်ရွက်ရန်၊

(၃) မိလ္လာကန်များအား ယိုဖိတ်ခြင်းနှင့် လျှံကျခြင်းများ မဖြစ်ပေါ်စေရန် ပုံမှန်စစ်ဆေးခြင်းများ ဆောင်ရွက်ရန်၊

(၄) အမှိုက်ပုံးများအား အဖုံးများ ဖုံးအုပ်ထားပြီး နေ့စဉ်ပုံမှန်သန့်ရှင်းရေး ပြုလုပ်ရန်၊

(၅) မီးဖိုချောင်နှင့် အိမ်သာများမှ ထွက်ရှိသော အမှိုက်များအား သေချာစွာထုပ်ပိုး၍ စနစ်တကျ စွန့်ပစ်ရန်။

(ည) **ဓာတုပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုံခြုံရေးကော်မတီသည် ဓာတုပစ္စည်းနှင့် ဆီယိုဖိတ်ပါက စက်ရုံတစ်ခုလုံးသို့ စကားပြောစက် သို့မဟုတ် အချက်ပေးစနစ်များဖြင့် သတင်းပို့ခြင်းကို စနစ်တကျ ဆောင်ရွက်ရန်၊

(၂) ကယ်ဆယ်ရေးအသင်းသည် ခုခံနိုင်မှုအားနည်းသောသူများအား အန္တရာယ်ရှိသည့်နေရာမှ အလုံခြုံဆုံးနေရာသို့ ဦးစားပေးကာ ပို့ဆောင်ပေးခြင်းများ ဆောင်ရွက်ရန်၊

(၃) ဆေးဘက်ဆိုင်ရာအသင်းသည် ရှေးဦးသူနာပြုပစ္စည်းများအသုံးပြု၍ ဒဏ်ရာရသူများအား ကူညီခြင်းများ ဆောင်ရွက်ရန်၊

(၄) လုံခြုံရေးကော်မတီသည် လုံခြုံရေးအစီအမံများ၊ ဓာတုပစ္စည်းကိုင်တွယ်သည့် နည်းစနစ်များနှင့် ဘေးအန္တရာယ်များကို သိရှိနားလည်ပြီး ယိုဖိတ်မှုဖြစ်ပွားပါက လုံခြုံစွာဖြင့် အချိန်မီဖြေရှင်းနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရန်၊

(၅) ဆီဖြည့်ခြင်း၊ ထုတ်ခြင်းနှင့် ပိုက်လိုင်းများမှ ယိုဖိတ်မှုဖြစ်ပေါ်ခြင်း၊ ဝန်ထမ်းများအား လုပ်ငန်းခွင်အတွင်း ပစ္စည်းကိရိယာအသုံးပြုခြင်းနှင့်ပတ်သက်၍ သင်တန်းပေးခြင်းများ ဆောင်ရွက်ရန်၊

(၆) လုပ်ငန်းဆောင်ရွက်ခြင်းမှ ထွက်ရှိလာသော စက်ဆီ/ချောဆီများအား ဒေသဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်အညီ စွန့်ပစ်ရန်၊

(၇) အခြားပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ မဖြစ်ပွားစေရန် ဂရုတစိုက်ဆောင်ရွက်ရန်။

(ဋ) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံဝန်းအတွင်း အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ ဖွဲ့စည်းထားရှိရန်၊

(၂) အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်အတိုင်း ပုံမှန်လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်ရန်၊

(၃) စက်ရုံရှိ ဝန်ထမ်းများအားလုံးအတွက် ရှေးဦးသူနာပြုပစ္စည်းများ လုံလောက်စွာ ထောက်ပံ့ပေးရန်၊

(၄) မီးလေဝသခန့်မှန်းသူဖြင့် ပုံမှန်ကြိုတင်စစ်ဆေးခြင်းများ ဆောင်ရွက်ရန်။

(၅) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေး၊ ရေထုအရည်အသွေး၊ ဆူညံသံထွက်ရှိမှုနှင့် အနံ့ထွက်ရှိမှုတို့ကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်နှင့်အညီ တစ်နှစ်လျှင် (၂) ကြိမ် စောင့်ကြပ်စစ်ဆေးရန်၊

(၂) အစိုင်အခဲစွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းတို့ကို မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စံချိန်စံညွှန်းများနှင့်အညီ နေ့စဉ်စောင့်ကြပ်စစ်ဆေးရန်၊

(၃) ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို နေ့စဉ် စောင့်ကြပ်စစ်ဆေးရန်၊

(၄) အရေးပေါ်အခြေအနေဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုကို (၄) လလျှင် တစ်ကြိမ် စောင့်ကြပ်စစ်ဆေးရန်။

(၃) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့်ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(ဃ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းအား အစီရင်ခံစာ၌ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဏ) **လျာထားအသုံးစရိတ်။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်အတွက် ရန်ပုံငွေကျပ် (၄,၉၀၀,၀၀၀) ခန့်သုံးစွဲရန်၊

(၂) စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ရန်ပုံငွေကျပ် (၇,၄၀၀,၀၀၀) ခန့်သုံးစွဲရန်၊

(၃) လုပ်ငန်းစုစုပေါင်းအမြတ်ငွေ၏ (၂) % အား ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွားတိုးတက်ရေးအတွက် သုံးစွဲရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံထည့်သွင်းအသုံးပြုရန်၊

(၄) စီမံကိန်းဖျက်သိမ်းခြင်းကာလတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် ရန်ပုံငွေကျပ် (၄,၁၀၀,၀၀၀) ခန့် သုံးစွဲရန်၊

(၅) စီမံကိန်းဖျက်သိမ်းခြင်းကာလတွင် စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ရန်ပုံငွေကျပ် (၃,၂၀၀,၀၀၀) ခန့် သုံးစွဲရန်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင်ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝလိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာပင်မလုပ်ငန်းစဉ်၊ မြန်မာနိုင်ငံအမျိုးသားအဆင့်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ကိုယ်စား စီမံကိန်းကိုဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများအားလုံးသည် စီမံကိန်းအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်ရန်၊

(၂) အစီရင်ခံစာတွင်ဖော်ပြထားသော ကတိကဝတ်များအား အပြည့်အဝလိုက်နာဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ ကုမ္ပဏီ၏မူဝါဒများ၊ စီမံကိန်းနှင့်သက်ဆိုင်သော မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေတို့ကို လိုက်နာဆောင်ရွက်ရန်၊

(၃) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ စွန့်ပစ်ရေ၊ စီးဆင်းရေ၊ ထုတ်လွှတ်အရည်များနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) စွန့်ထုတ်အရည်နှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ အင်ဂျင်ဝိုင်ရောစပ်ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းဆိုင်ရာ စွန့်ထုတ်အရည်အဆင့် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက်မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်နှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ အင်ဂျင်ဝိုင်ရောစပ်ထုတ်လုပ်၍ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းပါ လမ်းညွှန်ချက်အရ အပိုဒ် ၂.၁.၆ ရေနံချက်လုပ်ငန်းဆိုင်ရာ စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) စီမံကိန်းနှင့်သက်ဆိုင်သော အခြားသက်ဆိုင်ရာမူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာစည်းကမ်းချက်များ။** ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့်ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့်ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကိုဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက်သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) တည်ဆောက်ရေးနှင့် လည်ပတ်ရေးကာလတွင် အလုပ်နှင့်ပတ်သက်သော သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရမှုနှင့် ကျန်းမာရေးထိခိုက်မှုများကို လျော့ကျစေရေး အလေးထားလိုက်နာဆောင်ရွက်ရန်။

(ဃ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီရင်ခံစာပါ Waste and Wastewater Management Plan အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) Hazardous Waste များအား ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် Management Actions အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၃) အစိုင်အခဲနှင့် ညစ်ညမ်းသောစွန့်ပစ်ရေများအား အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း "DOWA" နှင့် ချိတ်ဆက်ဆောင်ရွက်ရန်။

(င) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ရေယာဉ်သွားလာမှုလမ်းကြောင်းများ၊ ရေယာဉ်သွားလာမှုကြောင့်ဖြစ်နိုင်သော အနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(၄) စီမံကိန်းအနီးပတ်ဝန်းကျင်ဧရိယာအတွင်း အနီးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများအတွက်ပံ့ပိုးဆောင်ရွက်မည့် Community Development Plan နှင့် လူမှုရေးဆိုင်ရာ ပူးပေါင်းတာဝန်ယူမှုအစီအစဉ် (Corporate Social Responsibility-CSR) ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) ဒေသခံပြည်သူများ (Stakeholders) နှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့်လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်နှင့် Livelihood Restoration Plan ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ (သို့မဟုတ်) နည်းစနစ်များမှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း (သို့မဟုတ်) အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော (သို့မဟုတ်) ဖြစ်ပေါ်စေနိုင်သောမတော်တဆမှုတစ်ခုဖြစ်ပွားခြင်း (သို့မဟုတ်) ထုတ်လွှတ်မှုကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုးတစ်ခုခုကိုကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသောဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု (သို့မဟုတ်) အခြားလုပ်ငန်းများဆောင်ရွက်ရန်ပျက်ကွက်မှု (သို့မဟုတ်) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုဖြစ်လာနိုင်သည့်အကြောင်းကိစ္စရပ် (သို့မဟုတ်) ဝန်ကြီးဌာနကအမြန်သိရှိရန်လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီ အတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကိုစတင်သိရှိသည့်အချိန်မှ(၇)ရက်အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သောဆိုးကျိုးသက်ရောက်မှုကြောင့်ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း (သို့မဟုတ်) ညစ်ညမ်းမှုတားဆီးရန် (သို့မဟုတ်) လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း (သို့မဟုတ်) တိုးချဲ့ခြင်း (သို့မဟုတ်) ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသောအချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သောဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ပြန်လည်တင်ပြရန်၊

(၈) မြန်မာဘာသာပြန်ထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကျဉ်းချုပ်အား စီမံကိန်းတည်ရှိရာနေရာနှင့်နီးစပ်သည့် မြို့နှင့်ကျေးရွာများရှိ အုပ်ချုပ်ရေးမှူးရုံးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးများသို့ ဖြန့်ဝေဆောင်ရွက်သွားရန်၊

(၉) အငြင်းပွားမှုများ၊ မကျေနပ်မှုများ ဖြေရှင်းရေးအတွက် Grievance Mechanism ကို တည်ထောင်၍ အဆိုပါ Grievance Mechanism ဆိုင်ရာ အချက်အလက်များ၊ တာဝန်ယူဖြေရှင်းမည့် ပုဂ္ဂိုလ်၏အမည်နှင့်ဖုန်းနံပါတ်၊ ဆက်သွယ်ပေးပို့ရမည့် လိပ်စာ စသည်တို့ကို စီမံကိန်းတည်ရှိရာနေရာနှင့် နီးစပ်သည့် မြို့နှင့်ကျေးရွာများရှိ အုပ်ချုပ်ရေးမှူးရုံးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးများသို့ ဖြန့်ဝေဆောင်ရွက်သွားရန်။

(၁၀) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များပြည့်စုံစွာပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်းသက်သေခံစာရွက်စာတမ်းအထောက်အထားများတင်ပြရန်၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိတိုးတက်မှုတို့ကိုတင်ပြရန်၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသောအခက်အခဲများ၊ ယင်းအခက်အခဲများကိုကုစားရန် အကြံပြုချက်များနှင့်အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် (သို့မဟုတ်) ရှောင်လွှဲရန်အဆိုပြုသည့် ဆောင်ရွက်မှုများကိုတင်ပြရန်၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့်အမျိုးအစား၊ အဆိုပြုသည့်ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့်အချိန်သတ်မှတ်ချက်များကို တင်ပြရန်၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကိုတင်ပြရန်၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် (သို့မဟုတ်) အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာအချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှုများကို တင်ပြရန်။

(၁၁) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်းစီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ် လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများအား လက်ရှိ (သို့မဟုတ်) စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဈ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့်ဆက်စပ် ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့်ရေးသား ဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာအခွင့်အမိန့်ရအဖွဲ့အစည်းထံမှ စာဖြင့်ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိဘက်စုံ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်နှင့် ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations) စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့်ဆန်းစစ်လေ့လာမှုများ စသည်တို့ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် (သို့မဟုတ်) ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသားသဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကိုထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းစသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့် နေ့ရက်မှ (၁၀) ရက် အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက် အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရေးတင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း (သို့မဟုတ်) ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀) ရက် အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ (သို့မဟုတ်) စီမံကိန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့်စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာသတ်မှတ်ချက်များအား ချိုးဖောက်သည် (သို့မဟုတ်) ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနကသတ်မှတ်သည့် မည်သည့်အချိန်တွင်

မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့်ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေနမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကိုတွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအားကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့်ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရန်၊

(၁၀) Well Site Manager နှင့် Drilling and Completions Environment Adviser တို့ ပူးပေါင်းဆောင်ရွက်ထားသော Audit/Inspect Compliance နှင့်ပတ်သက်သော Audit Compliance Report အား စောင့်ကြပ်ကြည့်ရှုခြင်းအစီရင်ခံစာနှင့် အတူပူးတွဲတင်ပြရန်၊

(၁၁) သင့်လျော်သော Common and Edible Marine Living Resources များတွင် contents of Arsenic, Copper, Lead, Zinc, Chromium, Nickel, Aluminum, Barium, Cadmium, Mercury, Vanadium, Iron and Manganese, Total Petroleum Hydrocarbons, etc. အား တိုင်းတာ၍ စောင့်ကြပ်ကြည့်ရှုခြင်း အစီရင်ခံစာတွင်ဖော်ပြရန်။

(ဃ) **ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်

သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့စာဖြင့် သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကိုအကောင်အထည်ဖော်ရာတွင် ပါဝင်သောဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန်တင်ပြချက်အရ ဝန်ကြီးဌာနကအချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး ၂ နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာအကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များတွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း (သို့မဟုတ်) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန်ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု (သို့မဟုတ်) ထိခိုက်နိုင်မှုများကို လျှော့ချရန်ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း (သို့မဟုတ်) လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှုဖြစ်စေကြောင်း (သို့မဟုတ်) ဖြစ်စေနိုင်ကြောင်း (သို့မဟုတ်) ဖြစ်လာကြောင်းသိရှိနိုင်ရန် သတင်းအချက်အလက်သစ်များထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့်စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်

ပြုခြင်းများအတွက် အခြေခံအချက်များထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက်ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ဆိုးကျိုး သက်ရောက်မှုကို ထူးခြားစွာလျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင်စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့်လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသောနည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုး သက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက်ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေး ထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေးအာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင် တောင်းခံပါကထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့် သာသက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊

လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွက် စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်းအထောက်အထားများအားလုံးကိုတင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် (သို့မဟုတ်) ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသောလွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန်ခန့်ထားခြင်း (သို့မဟုတ်) ငှားရမ်းခြင်း (သို့မဟုတ်) အခွင့်အာဏာပေးခြင်းပြုထားသည့်ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် (သို့မဟုတ်) အတိုင်ပင်ခံများ၏ ပြုလုပ်မှု (သို့မဟုတ်) ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက်တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---